ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်
ကော်သူးလေ
www.knuhq.org

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၏ ငြိမ်းချမ်းရေး ဆွေးနွေးရေးဖိတ်ခေါ်မှု အပေါ် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ၏ ထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ။ မေလ(၉)ရက် ၊ ၂၀၂၂ ခုနှစ်။

(၁) ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုဖြင့် ပဋိပက္ခများတို့ကို ငြိမ်းချမ်းစွာ အဖြေရှာခြင်းအား အစဉ်တစိုက် ဦးစားပေးလုပ်ဆောင်ခဲ့ပါသည်။ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးအဖြေရှာရေးကို အမြဲတမ်း နည်းလမ်းရှာဖွေနေပါသည်။

(၂) ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ပြည်တွင်းငြိမ်းချမ်းရေးအတွက် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ရရှိအောင် စွမ်းစွမ်းတမံကြိုးစားခဲ့ပြီး သက်ဆိုင်ပတ်သက်သူများပါဝင်လျက် ကတိကဝတ်ပြု လက်မှတ်ရေးထိုးပြီး အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီးကို တည်ဆောက်ရန် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ (UPC) စသည့် နိုင်ငံရေးဆွေးနွေးပွဲများတွင် အားကြိုးမာန်တက် ပါဝင်ခဲ့ခြင်းနှင့်အတူ ပြည်ထောင်စုသဘောတူစာချုပ် အပိုင်း (၁)၊ (၂)၊ (၃) တို့ကို ရယူစေကာ ငြိမ်းချမ်းရေး လိုလားသည့် အဖွဲ့အစည်းဖြစ်ကြောင်း သက်သေပြခဲ့ပြီး ဖြစ်သည်။ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးအဖြေရှာခဲ့သည့် သမိုင်းသင်ခန်းစာ များစွာ ရရှိခဲ့ပါသည်။

(၃) မိမိတို့နိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးကို တည်ဆောက်လိုလျှင် အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုအား တည်ဆောက်လိုသည့် သက်ဆိုင်ပတ်သက်သူများအားလုံးပါဝင်သော တွေ့ဆုံဆွေးနွေး အဖြေရှာသည့် တွေ့ဆုံဆွေးနွေးမှုမျိုးဖြစ်ရပါမည်။ ယခု ဖိတ်ကြားမှုသည် ကန့်သတ်ဖိတ်ကြားမှုပုံစံဖြစ်နေပြီး သက်ဆိုင်ပတ်သက်သူများအားလုံး ပါဝင်ခြင်းမရှိသည့်အတွက် ဖိတ်ကြားမှုတွင် မျှော်မှန်းထားသကဲ့သို့ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို မရရှိနိုင်သလို လက်နက်ကိုင်ပဋိပက္ခများလည်း ချုပ်ငြိမ်းနိုင်မည်မဟုတ်ဟု ရှုမြင်သုံးသပ်ပါသည်။ သို့ဖြစ်၍ သက်ဆိုင်သူများ အားလုံးပါဝင်ဆွေးနွေးသည့် အခင်းအကျင်းမဖြစ်သည့်အတွက် **"တက်ရောက်နိုင်မည်မဟုတ်ပါ"** ။

(၄) မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေး နှင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်အသစ်သည် ဆွေးနွေးဖက်များအကြား **"နိုင်ငံရေး စိတ်ဆန္ဒရှိမှု"** ကို အခြေခံ၍ ပဋိပက္ခများကို ငြိမ်းချမ်းစွာအဖြေရှာခြင်း၊ နက်ရှိုင်းစွာအမြစ်တွယ်နေသည့် နိုင်ငံရေး ပြဿနာများကို ဖြေရှင်းခြင်း၊ အာဏာရှင်စနစ်ချုပ်ငြိမ်းခြင်း၊ တပ်မတော်မှ နိုင်ငံရေးတွင်မပါဝင်တော့ခြင်းနှင့်အတူ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုကိုလက်ခံခြင်း၊ အပြန်အလှန်လေးစားအသိအမှတ်ပြုပြီး တန်းတူညီမျှမှု နှင့် တရားမျှတမှန်ကန်သည့် ဂုဏ်သိက္ခာရှိရှိ တွေ့ဆုံဆွေးနွေးလိုခြင်း၊ စသည့် မျှဝေထားသော စံတန်ဘိုးများကို ဦးထိပ်ထားခြင်းတို့အပြင် အဆင့်ဆင့်သော ဆွေးနွေးမှုများတွင် နိုင်ငံတကာ၏ ပါဝင်မှုအခန်းကဏ္ဍကို လေ့လာသူ များအဖြစ်သော်လည်းကောင်း၊ အကျိုးဆောင်ပံ့ပိုးသူများအဖြစ်သော် လည်းကောင်း၊ သက်သေများအဖြစ်သော် လည်းကောင်း၊ နည်းပညာ နှင့် အရင်းအမြစ် အထောက်အကူပြုမှုတို့တွင် ပါဝင်ရပါမည်။

(၅) ယုံကြည်မှုတည်ဆောက်ရေးသည် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရေးအတွက် မရှိမဖြစ် လိုအပ်သော အခြေခံတခု ဖြစ်သည့်အတွက် ပြည်သူလူထုအား လေးစားတန်ဘိုးထားလျက် မငြိမ်းချမ်းမှု နှင့် ပဋိပက္ခကို ဖြစ်ပေါ်စေသော စစ်ပွဲများ၊ အကြမ်းဖက်တိုက်ခိုက်ခြင်းများ၊ ဖမ်းဆီးညှင်းပန်းနှိပ်စက်ခြင်းများ၊ ကျေးရွာများ မီးရှို့ဖျက်ဆီးခြင်းများ၊ လက်နက်ကြီးများ ပစ်ခတ်ခြင်း၊ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းများတို့ကို ရပ်တန့်ရမည်ဖြစ်သည်။

(၆) လက်ရှိအခြေအနေသည် နိုင်ငံအနှံ့ဖြစ်ပေါ်နေသော တိုက်ပွဲများ၊ စစ်ပွဲများကြောင့် ပြည်သူလူထုများတို့သည် လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ဖန်တီးဖြစ်ပေါ်စေပါသည်၊ သို့ဖြစ်၍ လတ်တလော ကာလအတွင်း စစ်ကောင်စီနှင့်ပြုလုပ်သည့် ဆွေးနွေးညှိနှိုင်းမှုသည် ပြည်သူလူထုအတွက် လူသားချင်းစာနာမှု ဝင်ရောက်ခွင့် နှင့် အရေးပေါ် အကူအညီပေးရေးဆိုင်ရာ ဆွေးနွေးပွဲများအတွက်သာ ဖြစ်ရပါမည်။

(၇) လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ မှီတင်းနေထိုင်နေသည့် မိမိတို့နိုင်ငံတွင် ဘာသာရေးယုံကြည်မှု၊ တိုင်းရင်းသား လူမျိုးများ ဘာသာစကား၊ ဓလေ့ထုံးထမ်း၊ ပထဝီ၊ ဒေသန္တရ စုံလင်ကွဲပြားမှုများစွာ ဖြစ်တည်ရှိသည့်အတွက် ဖက်ဒရယ် ဒီမိုကရေစီကျင့်စဉ်များ၊ အာဏာခွဲဝေမှုများ၊ ကိုယ်ပိုင်ပြဋ္ဌာန်းအုပ်ချုပ်ခွင့်များ၊ လွပ်လပ်ခွင့်များ တို့အား စနစ်တကျ ထူထောင်ခြင်း၊ လက်တွေ့ကျင့်သုံးခြင်းဖြင့်သာလျင် မှန်ကန်မျှတသည့် ငြိမ်းချမ်းသောလူ့အဖွဲ့အစည်း နှင့် မိမိတို့နိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ထုတ်ပြန် ကြေငြာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး


ဆက်သွယ်ရန်၊

(၁) ပဒိုစောကွယ်ထူးဝင်း (+၉၅ ၉၄၂ ၂၁၉ ၁၉၄၁) (+၆၆ ၈၁၈ ဝ၇၆ ၂၇၉)
(၁) ပဒိုစောတာဒိုမူး (+၉၅ ၉၇၉ ၅၈၈ ၇ဝ၈၅) (+၆၆ ၆၄၆ ၄၅၉ ၁၁၃)
(၁) ပဒိုစောတောနီး (+၆၆ ၆၃ဝ ၂ဝ၂ ၄၁၁)